# စိဝ်သု၏ အမှာစာ

ဤဝတ္ထုကို ဖတ်ရသူတိုင်း မျက်ရည်စို့ပြီး ရင်နင့်အောင် ခံစားခဲ့ကြရပါသည်။ ထို့ကြောင့် စာဖတ်သူအချို့က တကယ့်အဖြစ်အပျက်ကိုများ အခြေခံထားလေသလားဟု ထင်မှတ်ခဲ့ကြပါသည်။ တချို့ကလည်း တကယ့်လက်တွေ့ဘဝမှာ ဒီလောက် ပုံပြင်ဆန်သော အဖြစ်အပျက်မျိုး ရှိနိုင်ပါ့မလားဟု ထောက်ပြကြပါသည်။

ယင်းကိစ္စနှင့်ပတ်သက်၍

ပေဖူးလွှာမဂ္ဂဇင်း၊ ၁၉၈၄ ဒီဇင်ဘာနှင့် ၁၉၈၅ ဇန်နဝါရီ၊ နှစ်လဆက်တိုက် ဖော်ပြခဲ့သော ဆရာသာခုနှင့် တွေ့ဆုံမေးခြင်း (အင်တာဗျူး) ကဏ္ဍတွင် တာဝန်ခံတင်ဆက်သူ ဆရာဝင်းငြိမ်းက

'ဟုတ်ကဲ့ ဆရာ၊ ကျွန်တော်တို့ ငယ်ငယ်က ဖတ်ခဲ့ရဖူးတဲ့ အတာဝတ္ထုဟာ ဆရာ ဘဝအကြောင်းလို့ ပြောကြပါတယ်၊ ဟုတ်ပါသလား ဆရာ'

ဟု မေးမြန်းခဲ့ရာ ဆရာသာခုက

'ဟုတ်ပါတယ်၊ အတာ ဝတ္ထုက ဆရာ့အကြောင်း ကိုးဆယ်ရာနှုန်းလောက် ပါတယ်၊ တစ်ခုတော့ရှိတယ်၊ အတာနဲ့ ပတ်သက်ပြီး ဝေဖန်ခံရတာရှိတယ်၊ အမေအရင်းက သားအရင်းပေါ်မှာ ဒါလောက်တောင်မှ စိတ်သဘောထား၊ စေတနာ မေတ္တာ မဲ့ရသလား၊ ဒါလောက်တောင် မေတ္တာမဲ့နိုင်ပါ့မလား၊ ဆိုးနိုင်ပါ့မလားလို့ ဝေဖန်ကြတယ်၊ ဆရာ့ကိုလည်း မေးကြတယ်၊ ဆရာက တစ်ခွန်းတည်းပဲ ပြောလိုက်တယ်၊ ဒီထက် ဆိုးတာတွေတောင် ရှိသေးတယ်၊ ရေးမကောင်းလို့၊ ရေးမဖြစ်လို့ မရေးတာလို့၊ တစ်ခုတော့ ရှိတယ်၊ အမေအရင်းက ကိုယ့်သားသမီးအပေါ်မှာ ဒါလောက်တောင် ဆိုးရသလားဆိုတာက ဒီသားသမီးရဲ့ အကုသိုလ်က ဘယ်လောက်တောင်မှ ကြီးခဲ့မှန်းမှ မသိတာ၊ ဝဋ်ခံရတာပါလို့၊ သဘောကတော့ အဲဒါပါပဲ'

ဟု ဖြေခဲ့သည်။

ဆရာသာခုသည် ဤဝတ္ထုကိုရေးရာတွင် မိခင်အပေါ် နာကြည်းသည့်သဘောမျိုးမဟုတ်ဘဲ ဘဝအဆက်ဆက်က ပါလာခဲ့သော မိမိ၏ အကုသိုလ်အကျိုးဆက်ကို ခံစားရခြင်းသာဖြစ်ကြောင်း၊ ဝဋ်ကြွေးရှိလျှင် ဤဘဝမှာပင် ကျေပါစေတော့ ဟူ၍ ခွင့်လွှတ်စိတ်ဖြင့် ရေးခဲ့ခြင်းဖြစ်ကြောင်းကို ဖတ်ကြည့်လျှင် နားလည် သဘောပေါက်လာကြလိမ့်မည်ဟု ယူဆပါသည်။

ဤဝတ္ထုသည် ဆရာသာခု ရေးခဲ့သော လုံးချင်းဝတ္ထုများထဲတွင် လက်ရာအမြောက်ဆုံးဟု စာပေပညာရှင်များက သတ်မှတ်ခဲ့ကြသလို ဆရာသာခုကိုယ်တိုင်လည်း အနှစ်သက်ဆုံး ဖြစ်ခဲ့ပါသည်။

ဝတ္ထုတစ်ပုဒ်အနေဖြင့် ရွှံ့မှုမက်မက် ဖတ်ကောင်းရုံမျှသာမက ကလေးလူငယ်များရော လူကြီး မိဘများအတွက်ပါ သင်ခန်းစာယူစရာ အကြောင်းအရာများစွာ ပါဝင်သော အကျိုးပြု စာအုပ်တစ်အုပ်ဖြစ်သဖြင့် ပြန်လည်ထုတ်ဝေတင်ဆက်လိုက်ရခြင်း ဖြစ်ပါသည်။

(ဤစာအုပ်ကို ပထမတွဲ ဒုတိယတွဲအဖြစ် နှစ်အုပ်ခွဲ၍ ၁၉၅၅ ဒီဇင်ဘာတွင် ပထမအကြိမ်၊ ၁၉၇၀ ဩဂုတ်တွင် ဒုတိယအကြိမ် ထုတ်ဝေခဲ့ပါသည်။ ၁၉၇၈ ဖေဖော်ဝါရီတွင် စုပေါင်းပုံနှိပ်ခြင်း ပထမအကြိမ်အဖြစ် ထုတ်ဝေခဲ့ပါသည်။ ထို့ကြောင့် ယခု ထုတ်ဝေခြင်းမှာ စတုတ္ထအကြိမ် သို့မဟုတ် စုပေါင်းပုံနှိပ်ခြင်း ဒုတိယအကြိမ် ဖြစ်ပါသည်)

စိဝ်သု